မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၃၄ ] ရန်ကုန်မြို့ { ၁၃၇၈ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက် ( ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက် ) } သောကြာနေ့ [ အတွဲ ၆၉

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၅၂/ ၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက် )

**တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၈၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ်(၄)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၂၊ ပုဒ်မခွဲ (ခ) နှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၅၀ တို့အရ တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်က သဘောတူညီသည့် တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီး ဦးတင်အောင် ကို တနင်္သာရီတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၅၄/ ၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် )

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ်ဦးအောင်နိုင်မြင့် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ အထွေထွေမန်နေဂျာ ဦးဇော်ဝင်းကိုယင်းဌာနဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်သမ္မတရုံး

**အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၆**

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၆ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက် )

**တိုင်းဒေသကြီးဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်ခြင်း**

ပဲခူးတိုင်းဒေသကြီးလွှတ်တော်၏ သဘောတူညီချက်အရ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရှိ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**အဖြစ် အမည်ပြောင်းလဲသတ်မှတ်လိုက်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုလွှတ်တော်ရုံး

**အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက် )

**ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခြင်း**

၁။ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၆)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၂။ အထက်ပါကော်မရှင်အဖွဲ့ဝင်များအနက်မှ ဦးခင်မောင်တင်၊ သံအမတ်ကြီး (ငြိမ်း) သည် ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခြင်းခံရပါသဖြင့် အမိန့်ထုတ်ပြန်သည့်ရက်မှစ၍ ကော်မရှင်အဖွဲ့ဝင်အဖြစ်မှ ၎င်း၏ဆန္ဒအလျောက် နုတ်ထွက်ခွင့်ပြုလိုက်သည်။

(ပုံ) မန်းဝင်းခိုင်သန်း
နာယက
ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၅/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် )

**ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်း**အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ (မူကြမ်း)

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်    ။)**

၁၃၇၈ ခုနှစ်၊                    လ   ရက်

( ၂၀၁၆ ခုနှစ်၊            လ   ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ရေနံလက်ယက်တွင်း**ဆိုသည်မှာ လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လူအင်အား သို့မဟုတ် စက်အင်အား သို့မဟုတ် အင်အားနှစ်ရပ်စလုံးဖြင့် အနက် ပေ ၁၀၀၀ အထိနှင့် ယင်းအနက်ပေ ထက်မပိုသော ရေနံတူးဖော်ထုတ်လုပ်သည့်တွင်းကို ဆိုသည်။

(ဃ) **လက်ယက်တွင်းမှ ထွက်ရှိသောရေနံ**ဆိုသည်မှာ လက်ယက်တွင်းမှထွက်ရှိသည့် ဟိုက်ဒြိုကာဗွန် အရည် သို့မဟုတ် ဟိုက်ဒြိုကာဗွန်အရောအနှောနှင့် မီးလောင်လွယ်သည့် အရောအနှော စသည် တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝဓာတ်ငွေ့ မပါဝင်။

(င) **ရေနံလက်ယက်တွင်းတူးဖော်ခြင်း**ဆိုသည်မှာ ရေနံရယူရန်အလို့ငှာ သက်ဆိုင်ရာလုပ်ကွက်၏ မြေမျက်နှာပြင်ကိုဖြစ်စေ၊ မြေအောက်ကျောက်လွှာကိုဖြစ်စေ တူးဖော်ခြင်း၊ တူးဖောက်ခြင်း၊ တူးဆွခြင်းလုပ်ငန်းကို ဆိုသည်။

(စ) **ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း**ဆိုသည်မှာ သတ်မှတ်လုပ်ကွက်အတွင်းတွင် ရေနံ ရယူရန်အလို့ငှာ မြေမျက်နှာပြင်ကိုဖြစ်စေ၊ မြေအောက်ကျောက်လွှာကိုဖြစ်စေ တူးဖော်ခြင်း၊

တူးဖောက်ခြင်း၊ တူးဆွခြင်းမှထွက်ရှိလာသည့် ရေနံကိုဖြစ်စေ၊ မြေအောက်မှ မြေပြင်ပေါ်သို့ အလိုအလျောက် စိမ့်ထွက်သောရေနံကိုဖြစ်စေ ထုတ်ယူခြင်းလုပ်ငန်းကို ဆိုသည်။

(ဆ) **လိုင်စင်**ဆိုသည်မှာ ဝန်ကြီးဌာနက ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံလက်ယက်တွင်း ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုကြောင်း ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဇ) **လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ**ဆိုသည်မှာ လုပ်ကွက်အတွင်း ရေနံလက်ယက်တွင်းတူးဖော်ခြင်း လုပ်ငန်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဈ) **လုပ်ကွက်**ဆိုသည်မှာ နိုင်ငံတော်ပိုင်နယ်နိမိတ်အတွင်းရှိ ကုန်းတွင်းပိုင်းတွင် ရေနံလက်ယက်တွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ အဆိုပြုတင်ပြသည့် အကျယ်အဝန်းအပေါ် ဝန်ကြီးဌာနမှ စိစစ်ခွင့်ပြုသော လက်ယက်တွင်းလုပ်ကွက်ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်း ရေနံလက်ယက်တွင်းများမှ ရေနံသယံဇာတများကို မီးဘေးအန္တရာယ်ကင်းစင်စေရေးနှင့် စနစ်တကျ တူးဖော်ထုတ်လုပ်ရေးဆောင်ရွက်ရန်၊

(ခ) ထွက်ရှိလာသည့် ရေနံသယံဇာတများအား ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်၊

(ဂ) အဓိကအားဖြင့် သက်ဆိုင်ရာလုပ်ကွက် တည်ရှိရာဒေသ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(ဃ) ရေနံလက်ယက်တွင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်ထိခိုက်မှုများနှင့် လူမှုစီးပွား ထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေးကို ဆောင်ရွက်ရန်၊

(င) ရေနံလက်ယက်တွင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ရိုးရာဓလေ့ထုံးတမ်းအစဉ်အလာများကို အထူးအလေးထား ဆောင်ရွက်ရန်။

## အခန်း (၃)
## လုပ်ကွက်သတ်မှတ်ခြင်း

၄။ ရေနံလက်ယက်တွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် မိမိလုပ်ကိုင်လိုသောလုပ်ကွက်၏ အကျယ်အဝန်း၊ တည်နေရာနှင့် သက်ဆိုင်ရာဌာနအသီးသီး၏ ထောက်ခံချက်တို့ကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ထံ အဆိုပြုလျှောက်ထားရမည်။

၅။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် လျှောက်ထားလာသည့်လုပ်ကွက်နှင့် ပတ်သက်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ စိစစ်ပြီး၊ ညီညွတ်မှုရှိပါက ဝန်ကြီးဌာနသို့ ထောက်ခံပေးပို့ရမည်။

၆။ ပုဒ်မ ၅ အရ ထောက်ခံပေးပို့လာသည့် လုပ်ကွက်နှင့်ပတ်သက်၍ ဝန်ကြီးဌာနသည် မိမိတို့ဝန်ကြီးဌာနက သတ်မှတ်ထားသော သို့မဟုတ် သတ်မှတ်ရန်လျာထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ

တူးဖော်သည့် လုပ်ကွက်ဧရိယာများနှင့် လွတ်ကင်းမှု ရှိ မရှိ နှင့် အခြားလိုအပ်သည်များကိုစိစစ်၍ သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ယင်းလုပ်ကွက်ကို ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ ဆက်လက်တင်ပြဆောင်ရွက်ရမည်။

## အခန်း (၄)
## လိုင်စင်

၇။ ရေနံလက်ယက်တွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသော မြန်မာနိုင်ငံသားတစ်ဦးဦးသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၈။ လျှောက်လွှာလက်ခံရရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် လျှောက်လွှာပါ ဖော်ပြချက်များ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိနှင့် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိတို့ကို စိစစ်၍ ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း သို့မဟုတ် လျှောက်ထားချက်ကို ပယ်ဖျက်ခြင်းပြုရမည်။

၉။ ဝန်ကြီးဌာနသည် လျှောက်ထားချက်ကို စိစစ်၍ -

(က) လိုအပ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက်များကို တောင်းခံနိုင်သည်။

(ခ) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက လျှောက်ထားသူအား လိုင်စင်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ကာလသက်တမ်းရှိသည့်လိုင်စင်ကို ထုတ်ပေးရမည်။

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနများက ထောက်ခံမှုမရှိခြင်း၊ သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းမရှိပါက လျှောက်ထားချက်ကို ပယ်ဖျက်နိုင်သည်။

(ဃ) ပယ်ဖျက်ပါက ပယ်ဖျက်ရသည့်အကြောင်းရင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သို့ ပြန်ကြားရမည်။

၁၀။ ပုဒ်မ ၉ ပါ လိုင်စင်ကို သက်တမ်းတိုးလိုသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် မူလသက်တမ်းမကုန်ဆုံးမီ ၂ လ ကြိုတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သို့ လျှောက်ထားရမည်။

၁၁။ လျှောက်လွှာလက်ခံရရှိသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် လျှောက်လွှာပါ ဖော်ပြချက်များ ပြည့်စုံမှန်ကန်ခြင်း ရှိ မရှိ လျှောက်ထားချက်သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိ တို့ကို စိစစ်ထောက်ခံ၍ ဝန်ကြီးဌာနသို့ မူလသက်တမ်းမကုန်ဆုံးမီ ၁ လ ကြိုတင်၍ ဆက်လက်ပေးပို့ရမည်။

၁၂။ ဝန်ကြီးဌာနသည် လျှောက်ထားချက်ကို စိစစ်၍ -

(က) သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိပါက လျှောက်ထားသူအား လိုင်စင်ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ကာလသက်တမ်းရှိသည့် လိုင်စင်ကို ထုတ်ပေးနိုင်သည်။

(ခ) သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိပါက လျှောက်ထားချက်ကို ပယ်ဖျက်နိုင်သည်။

၁၃။ ဝန်ကြီးဌာနသည် လိုင်စင်စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း (၅)
## ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၄။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပုဒ်မခွဲ (က) အရ စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က တင်ပြချက်အရဖြစ်စေ သိရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

၁၅။ ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ဆောင်ရွက်နေသော လုပ်ကွက်မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့်နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထားလာပါက စိစစ်ခွင့်ပြုနိုင်သည်။

## အခန်း (၆)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် တည်ဆဲဥပဒေများ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက စီမံခန့်ခွဲမှုနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

(ဃ) လိုင်စင်အား ရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြစ်ဒဏ် ချမှတ်သင့်ကြောင်း ပေါ်ပေါက်ပါက ဝန်ကြီးဌာနသို့ တင်ပြခြင်း။

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူမှ လက်ယက်တွင်းမှ ရေနံတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း၊ စိစစ်ခြင်း၊ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

(စ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် ရေနံဆိုင်ရာဘဏ္ဍာတော်ကြေးနှင့် လုပ်ကွက်အတွက် မြေငှားရမ်းခများ ကောက်ခံခြင်း။

(ဆ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် နေ့စဉ်ရေနံထုတ်လုပ်မှုစာရင်းကို လစဉ် လဆန်း (၇) ရက်အတွင်း ဝန်ကြီးဌာနသို့ ပေးပို့ခြင်း၊ ရေနံလက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့ထွက်ရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြခြင်း။

## အခန်း (၇)
## လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ လိုက်နာမည့်စည်းကမ်းများ

၁၇။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) ဤဥပဒေနှင့်တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များ၊ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရေနံလက်ယက်တွင်းလုပ်ငန်း ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဒေသ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမဖြစ်စေရန် ဆောင်ရွက်ရမည့်အပြင် လုပ်ငန်းဆောင်ရွက်ပြီးစီးသည့်အခါ ခွင့်ပြုလုပ်ကွက်အား မူလအနေအထားအတိုင်း ဖြစ်စေရန် ပြန်လည်ပြုပြင်ထားရှိရမည်။

(ဂ) ရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများနှင့်ပတ်သက်၍ တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) လိုင်စင်အရ ဆောင်ရွက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကိုယ်တိုင် ကြီးကြပ်လုပ်ကိုင်ရမည်။ အခြားမည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမျှ လုပ်ကွက်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း လွှဲပြောင်းဆောင်ရွက်ခြင်း မပြုရ။

(င) လိုင်စင်ထုတ်ပေးသည့်နေ့မှ သုံးလအတွင်း ရေနံလက်ယက်တွင်းလုပ်ငန်းကို စတင်ဆောင်ရွက်ရမည်။

(စ) ယင်းရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံထုတ်လုပ်ခြင်းနှင့်ပတ်သက်သည့် အချက်အလက်များနှင့် ထုတ်ယူရရှိသည့် ရေနံနမူနာကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်နှင့်အညီ ပေးအပ်ရမည်။

(ဆ) နေ့စဉ် ရေနံထုတ်လုပ်မှုပမာဏစာရင်းဇယားကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ လစဉ် မပျက်မကွက် ပေးပို့ရမည်။

(ဇ) နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ငှာ လိုအပ်လာလျှင် ခွင့်ပြုထားသောမြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ ပြန်လည်အပ်နှံရမည်။ ထိုသို့ ပြန်လည်အပ်နှံပြီးနောက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထားနိုင်သည်။

(ဈ) လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရပါက ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသည့်နေ့မှ ရက်သတ္တတစ်ပတ်အတွင်း လုပ်ငန်းရပ်ဆိုင်းပြီး လိုင်စင်ရသည့်လုပ်ကွက်အတွင်းမှ သတ်မှတ်ရက်အတွင်း ဖယ်ရှားပေးရမည်။

(ည) လိုင်စင်သက်တမ်းအတွင်း လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်လိုခြင်းမရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့တို့မှတစ်ဆင့် ဝန်ကြီးဌာနသို့ အကြောင်းကြား၍ လုပ်ကွက်လိုင်စင်အား ပြန်လည်အပ်နှံရမည်။

(ဋ) လုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေး၊ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများအပါအဝင် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ဖွဲ့စည်းပေးသော စစ်ဆေးရေးအဖွဲ့၏ လိုအပ်သလို စစ်ဆေးကြပ်မတ်မှုကို ခံယူရမည်။

၁၈။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် -

(က) ရေနံလက်ယက်တွင်းမှ ရေနံအား သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) ရေနံလက်ယက်တွင်းမှထွက်ရှိသော ရေနံကို သက်ဆိုင်ရာဒေသတွင် နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်သည်။

(ဂ) နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အထောက်အကူပြုမည့်အစီအမံများ ထားရှိဆောင်ရွက်ရမည်။

## အခန်း (၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၉။ (က) ဝန်ကြီးဌာနသည် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊
(၂) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊
(၃) လိုင်စင်အား ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊
(၄) လိုင်စင်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် တည်ဆဲဥပဒေများ၊ ဤဥပဒေအရ လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့် တားမြစ်ချက်များကို ဖောက်ဖျက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည် -

(၁) သတိပေးခြင်း၊
(၂) ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ဂ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် ထိုသို့ ပြစ်ဒဏ် ချမှတ်ခြင်းခံရသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးဌာနသို့ ပြန်လည်သုံးသပ်ပေးနိုင်ပါရန် တင်ပြနိုင်သည်။ ဝန်ကြီးဌာနသည် ယင်းတင်ပြလာမှုအပေါ် စိစစ်၍ မူလဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

## အခန်း (၉)
## ပြစ်မှုနှင့်ပြစ်ဒဏ်

၂၀။ မည်သူမဆို ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ

အများဆုံး သုံးနှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ် သိန်းငါးဆယ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသောထောင်ဒဏ် ဖြစ်စေ၊ ကျပ် သိန်းငါးဆယ်အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည့်ပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှု သို့မဟုတ် ပျက်စီးမှု သို့မဟုတ် လူမှုစီးပွားထိခိုက်မှုအတွက် ကုစားရသည့် ကုန်ကျစရိတ်များကို ထိုသူက ပေးလျော်စေရမည်။

၂၂။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၇ (ဃ) မှ (ဠ) ထိ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသောတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး တစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ် သိန်းသုံးဆယ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည့် အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၃။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ငွေဒဏ် ကျပ် တစ်ဆယ့်ငါးသိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

## အခန်း (၁၀)

## အထွေထွေ

၂၄။ ဤဥပဒေအာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပေးထားသော လိုင်စင်သည် သက်တမ်းကုန်ဆုံးခြင်းမရှိသေးပါက -

(က) ဤဥပဒေအရ ထုတ်ပေးသည့်လိုင်စင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းလိုင်စင်၏သက်တမ်းသည် လိုင်စင်ပါ သက်တမ်းအတိုင်းသာဖြစ်ရမည်။

(ဂ) လိုင်စင်သက်တမ်းကုန်ဆုံးလျှင် လိုင်စင်သက်တမ်းတိုးခြင်းကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၂၆။ (က) ရေနံလက်ယက်တွင်းလုပ်ငန်းလုပ်ကိုင်သူသည် -

(၁) မိမိလုပ်ကိုင်မည့်လုပ်ကွက်တွင် ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေးတစ်စုံတစ်ရာ ရရှိထားသူ မရှိသည့်နေရာဖြစ်စေရန်လည်းကောင်း၊ မိမိလုပ်ကိုင်ခွင့်ရရှိခြင်းသည် ဥပဒေနှင့်အညီ ဖြစ်စေရန်လည်းကောင်း တာဝန်ယူဆောင်ရွက်ရမည်၊

(၂) လိုင်စင်ရရှိပြီးနောက် မိမိလုပ်ကွက်တွင် ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေး တစ်စုံတစ်ရာရှိသူပေါ်ပေါက်ပြီး ကန့်ကွက်လျှင် မိမိကိုယ်တိုင် တာဝန်ယူဖြေရှင်းရမည်၊

(၃) ပုဒ်မခွဲ (၂) အရ မိမိကိုယ်တိုင်ဖြေရှင်း၍ ပြေလည်မှုမရရှိလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သို့ဖြစ်စေ တင်ပြ၍ လမ်းညွှန်မှုခံယူဖြေရှင်းနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လုပ်ကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ကို လိုင်စင်ရရှိသူက ပုဒ်မခွဲ (က) နှင့်အညီ ပြီးပြတ်သည်အထိ ဖြေရှင်းနိုင်ခြင်းမရှိလျှင် ရေနံလက်ယက်တွင်း လုပ်ငန်း လုပ်ကိုင်သူအား ထုတ်ပေးထားသည့်လိုင်စင်ကို ရုပ်သိမ်းနိုင်သည်။

၂၇။ ဤဥပဒေပုဒ်မ ၂၂ နှင့် ပုဒ်မ ၂၃ တို့ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် ဆောင်ရွက်ချက်များဖြစ်သည့် လက်ဝါးကြီးအုပ် လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပေါ်ပေါက်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ရမည်။

၂၉။ (က) ဤဥပဒေပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းမှထုတ်ယူရရှိသော ရေနံပမာဏပေါ် မူတည်၍ သက်ဆိုင်ရာ ရေနံလက်ယက်တွင်းလုပ်ကွက်တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရန်ပုံငွေထည့်ဝင်ရမည်။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် ယင်းရန်ပုံငွေကို လက်ခံရရှိမှု၊ ထိန်းသိမ်းမှု၊ ထုတ်ယူသုံးစွဲမှု၊ စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက် ရမည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သည် မိမိတို့ သက်ဆိုင်ရာ ဒေသနယ်မြေအတွက် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန် နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၆၆/၂၀၁၆)**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် )

**ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်း ထုတ်ပြန်ကြေညာခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့လာသော **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း** အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇၉ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေ (မူကြမ်း)
## (၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်　။)

၁၃၇၈ ခုနှစ်၊　　လ　　ရက်

( ၂၀၁၆ ခုနှစ်၊　　လ　　ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စအလို့ငှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးသည့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(ခ) **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ကို ဆိုသည်။

(ဂ) **စီမံခန့်ခွဲရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ စီမံခန့်ခွဲရေးအဖွဲ့ကို ဆိုသည်။

(ဃ) **ဦးဆောင်ညွှန်ကြားရေးမှူး (သို့မဟုတ်) အမှုဆောင်အရာရှိချုပ်**ဆိုသည်မှာ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ အကြီးအမှူးကို ဆိုသည်။

(င) **ကုန်းလမ်းပို့ဆောင်ရေး**ဆိုသည်မှာ ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည် နှစ်မျိုးလုံးကိုဖြစ်စေ မော်တော်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ပေးခြင်းကို ဆိုသည်။

(စ) **မော်တော်ယာဉ်**ဆိုသည်မှာ စက်အားဖြင့်ဖြစ်စေ၊ အခြားစွမ်းအား တစ်ခုခုဖြင့်ဖြစ်စေ အသုံးပြု၍ လမ်းများပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်တစ်မျိုးမျိုးကို ဆိုသည်။

(ဆ) **ဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာအခကြေးငွေ၊ အဖိုးအခ၊ အဖိုးစားနား သို့မဟုတ် ကတိနှင့်ညီညွတ်ချက်ဖြင့် ဆောင်ရွက်ပေးသည့် လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကုန်းလမ်းခရီးဖြင့်

ခရီးသည်ကိုဖြစ်စေ၊ ကုန်စည်ကိုဖြစ်စေ၊ ခရီးသည်နှင့်ကုန်စည်နှစ်မျိုးလုံးကိုဖြစ်စေ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ မြေပြင်ဝန်ဆောင်မှုလုပ်ငန်း၊ မော်တော်ယာဉ်ရပ်နားစခန်းလုပ်ငန်း၊ မော်တော်ယာဉ်စစ်ဆေးခြင်းလုပ်ငန်း၊ မော်တော်ယာဉ်မောင်းသင်တန်း၊ စက်ပြင်သင်တန်း၊ ကုန်သွယ်မှုလုပ်ငန်းအပါအဝင် ဘတ်စ်ကားရပ်နားစခန်းလုပ်ငန်းနှင့် ခရီးသွားလာရေးလုပ်ငန်း၊ ဟိုတယ်လုပ်ငန်း၊ တည်းခိုခန်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းများအပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာနက ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည်ဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများလည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ပြည်တွင်းတွင်လည်းကောင်း၊ ဒေသတွင်း အဖွဲ့အစည်းများ၏ သဘောတူညီချက်အရ နယ်စပ်ဖြတ်ကျော်၍လည်းကောင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ထိရောက်မြန်ဆန်ပြီး လွယ်ကူအဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံမှုရှိစေရန်၊

(ခ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် နည်းလမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့အား တာဝန်နှင့်လုပ်ပိုင်ခွင့်များ အပ်နှင်းနိုင်ရန်၊

(ဂ) ပြည်သူလူထု၏ စားဝတ်နေရေး၊ လူမှုရေးနှင့်စီးပွားရေးတို့တွင် အဓိကကျသည့် ကုန်ဈေးနှုန်းတည်ငြိမ်ကျဆင်းရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်သည့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအဖြစ် ဆောင်ရွက်နိုင်ရန်၊

(ဃ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ စီမံခန့်ခွဲရေးနှင့် ငွေကြေးသုံးစွဲမှုစနစ်တို့ကို ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ စီးပွားရေးဆန်ဆန် လွတ်လပ်စွာဖြင့် ရေရှည်ရပ်တည်နိုင်သည့် အဖွဲ့အစည်းအဖြစ် ဆောင်ရွက်နိုင်ရန်၊

(င) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တည်ဆဲဥပဒေများနှင့်အညီ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများနှင့် ဖက်စပ်ဖြစ်စေ၊ အကျိုးတူဖြစ်စေ၊ ကန်ထရိုက်စနစ်ဖြင့်ဖြစ်စေ၊ တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်စသည့် နှစ်ဖက်သဘောတူလုပ်ကိုင်ခွင့်ပြုသည့်စနစ်ဖြင့်ဖြစ်စေ လုပ်ကိုင်ခွင့်ပြုနိုင်ရန်၊

(စ) နိုင်ငံတော်အတွင်း ဖြတ်သန်းသည့် အာရှအမြန်လမ်းမကြီးများ (AH 1,2,3,14) နှင့် ဒေသတွင်းနိုင်ငံများနှင့် နယ်စပ်ဖြတ်သန်းသွားလာသည့် လမ်းများတွင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလွယ်ကူအဆင်ပြေချောမွေ့ပြီး လုံခြုံမှုရှိစေရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်။

**[ ဆက်လက်ဖော်ပြပါမည် ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်

( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက် )

အမှတ် ၄၂ ။ ။ ၁၉၉၆ ခုနှစ်၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေအခန်း (၆)၊ ပုဒ်မ (၁၉) အရလည်းကောင်း၊ ၁၉၉၈ ခုနှစ်၊ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ အခန်း (၆)၊ နည်းဥပဒေ (၂၃) (၂၄)

အရ လည်းကောင်း၊ ဗီဒီယိုလုပ်ငန်းများ စိစစ်ကြီးကြပ်နိုင်ရန်အတွက် ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ (၂) နှစ်သက်တမ်းရှိသော ကချင်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

**ကချင်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ**

(က) ဦးခင်မောင်မြင့် (ခ) ဦးဒိတ် — ဥက္ကဋ္ဌ
ဗမာတိုင်းရင်းသားရေးရာဝန်ကြီး

(ခ) ရဲမှူးကြီးထွန်းဦး — အဖွဲ့ဝင်
ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့

(ဂ) ဦးကျော်ဆန်း — အဖွဲ့ဝင်
ပြည်နယ်အခွန်ဦးစီးမှူး၊ ပြည်တွင်းအခွန်များဦးစီးဌာန

(ဃ) ဦးအောင်ဖြိုးမြတ် — အဖွဲ့ဝင်
ပြည်နယ်မန်နေဂျာ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

(င) ဦးဂွမ်ဆိုင်းလီ — အဖွဲ့ဝင်
ပြည်နယ်ဥပဒေအရာရှိ၊ ပြည်နယ်ဥပဒေရုံး

(စ) ဦးထိန်လင်းအောင် — အဖွဲ့ဝင်
ပြည်နယ်ဦးစီးမှူး၊ ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန

(ဆ) ဦးမင်းနောင် — အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲ

(ဇ) ဦးဝင်းကြည် — အတွင်းရေးမှူး
ဦးစီးအရာရှိ၊ မြန်မာ့ရုပ်ရှင်မြင့်တင်ရေးဦးစီးဌာန (ကချင်ပြည်နယ်)

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက် )

အမှတ် ၄၃ ။ ။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေ လစာနှုန်း (၅၀၀,၀၀၀) အား ၎င်း၏ ကိုယ်တိုင် ဆန္ဒပြုလျှောက်ထားချက်အရ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၆၃ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (ဆ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ လျှော့ပေါ့ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်
( ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် )

အမှတ် ၄၄ ။ ။ ပြန်ကြားရေးဝန်ကြီးဌာနတွင် အုပ်ချုပ်ရေးကိစ္စနှင့် ဘဏ္ဍာရေးကိစ္စများ ဆောင်ရွက်ရာ၌ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်အား မိမိ၏ မူလတာဝန်ဝတ္တရားများအပြင် အမြဲတမ်းအတွင်းဝန်၏ တာဝန်ဝတ္တရားများကိုပါ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခေတ္တ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

**[ ယခင်အပတ် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၆) မှအဆက် ]**

၁၇။ ဦးစီးဌာနသည် -

(က) ရှေးဟောင်းအဆောက်အအုံများ ကာကွယ်ထိန်းသိမ်းခြင်း၊ အပ်နှံခြင်း၊ လက်ခံခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ဖြစ်စေ စစ်ဆေးရန်လိုအပ်ပါက သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်စေလျက် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းရာတွင် သင့်လျော်သောပုဂ္ဂိုလ်တစ်ဦးကို အဖွဲ့ခေါင်းဆောင်အဖြစ် သတ်မှတ်ပေးရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၈။ စစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ရှေးဟောင်းအဆောက်အအုံ အမှန်တကယ်တည်ရှိခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံ တည်ရှိရာနေရာသို့ သွားရောက်စစ်ဆေးခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံကို သိပ္ပံနည်းကျ သက်တမ်းတွက်ချက်ခြင်းနှင့် စစ်ဆေးမှတ်တမ်းတင်ခြင်း၊

(င) ဝန်ကြီးဌာနက ဆောင်ရွက်ခွင့်ရှိသော ရှေးဟောင်းအဆောက်အအုံ ဟုတ် မဟုတ် စစ်ဆေးခြင်း၊

(စ) ရှေးဟောင်းအဆောက်အအုံသည် ပိုင်ရှင် သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူ ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံ ဟုတ် မဟုတ် စစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ခြင်း၊

(ဇ) ရှေးဟောင်းအဆောက်အအုံ၏ ခန့်မှန်းကာလတန်ဖိုး တွက်ချက်ခြင်း၊

(ဈ) ရှေးဟောင်းအဆောက်အအုံ၏ ခန့်မှန်းထပ်ဆောင်းတန်ဖိုး တွက်ချက်ခြင်း၊

(ည) ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသော ရှေးဟောင်းအဆောက်အအုံ ဟုတ် မဟုတ် စစ်ဆေးခြင်း၊

(ဋ) ခွင့်ပြုချက်ရရှိသူသည် ခွင့်ပြုချက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဌ) ဦးစီးဌာနက ပေးအပ်သော အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

၁၉။ စစ်ဆေးရေးအဖွဲ့သည် ရှေးဟောင်းအဆောက်အအုံ တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြင်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အင်္ဂတေသရွတ်ကိုင်ခြင်း သို့မဟုတ် မွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားခြင်းအတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ဆောင်ရွက်မည့် ပုံစံဒီဇိုင်း၊ အသုံးပြုမည့် ပစ္စည်းအမျိုးအစားနှင့် အချိုးအစားများသည် မူလတည်ရှိသည့် ရှေးဟောင်းအဆောက်အအုံ၌ အသုံးပြုခဲ့သော ပစ္စည်းအမျိုးအစားနှင့် အချိုးအစားတို့နှင့် တူညီခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံ၏ အစိတ်အပိုင်းများကို မူလအစိတ်အပိုင်းပုံစံနှင့် ရှေးဟောင်းအဆောက်အအုံ စတင်တည်ရှိခဲ့သည့် ခေတ်အတိုင်း ပြင်ဆင်ပြုပြင်ရန် စီမံဆောင်ရွက်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဂ) အစားထိုးဖြည့်စွက်မည့် အစိတ်အပိုင်းသည် ရှေးဟောင်းအဆောက်အအုံ၏ ကျန်ရှိသော အစိတ်အပိုင်းနှင့် တွဲစပ်ရာတွင် ကြံ့ခိုင်မှုရှိပြီး အရောင်အသွေး၊ အသွင်အပြင် ကွဲပြားခြားနားမှုနှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် စီမံဆောင်ရွက်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ပြင်ဆင်ဖြည့်စွက်သည့် အစိတ်အပိုင်းကြောင့် ရှေးဟောင်းအဆောက်အအုံ၏ ရေရှည်တည်တံ့ ကြံ့ခိုင်မှုနှင့် တန်ဖိုးကို မထိခိုက်စေရေးအတွက် စီမံဆောင်ရွက်ထားခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံ၏ ထူးခြားထင်ရှားသော ဝိသေသလက္ခဏာများ ပျောက်ပျက်နိုင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း။

၂၀။ စစ်ဆေးရေးအဖွဲ့သည် ရှေးဟောင်းအဆောက်အအုံကို ထုံးသုတ်ခြင်း၊ ဆေးသုတ်ခြင်း၊ ရွှေသင်္ကန်း ကပ်ခြင်း၊ ထီးတင်ခြင်း၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် စသည်တို့ တင်လှူခြင်းပြုရန် ခွင့်ပြုမိန့်လျှောက်ထားခြင်း အတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းအဆောက်အအုံ၏ မူလအရောင်အသွေးနှင့် ပုံစံကို ပြောင်းလဲစေနိုင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) မူလရှေးဟောင်းအဆောက်အအုံတွင် မရှိသော ထီး၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တင်လှူရန် ဆောင်ရွက်ခြင်း ဟုတ် မဟုတ် စစ်ဆေးခြင်း။

၂၁။ စစ်ဆေးရေးအဖွဲ့သည် ရှေးဟောင်းအဆောက်အအုံအနီး၌ သိမ်၊ ကျောင်း၊ ဇရပ်၊ မုခ်ဦး၊ တံတိုင်း၊ ဂြိုဟ်တိုင်၊ တံခွန်တိုင်၊ ရေကန်၊ ရုပ်တု၊ နတ်ရုပ်၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံနှင့် အခြားအဆောက်အအုံ များ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း ဆောင်ရွက်ရန် ခွင့်ပြုမိန့် လျှောက်ထားခြင်းအတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည် -

(က) ရှေးဟောင်းအဆောက်အအုံ၏ ထူးခြားထင်ရှားသော ဝိသေသလက္ခဏာနှင့် ယဉ်ကျေးမှုတန်ဖိုးကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံ စတင်တည်ရှိခဲ့သည့် ခေတ်နှင့်မူလလက်ရာ၊ ပုံစံ၊ အရောင်အသွေး များနှင့် လိုက်လျောညီထွေမှု ရှိ မရှိ စစ်ဆေးခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင် သဘာဝမြင်ကွင်းကို လည်းကောင်း အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေခြင်း ရှိ မရှိ စစ်ဆေးခြင်း။

၂၂။ ဦးစီးဌာနသည် နည်းဥပဒေ ၄၁ အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင် အောက်ပါ အချက်အလက်များ မှန်ကန်ခြင်း ရှိ မရှိ ကွင်းဆင်းကြည့်ရှုစစ်ဆေးရန် စစ်ဆေးရေးအဖွဲ့အား တာဝန်ပေးအပ် ရမည် -

(က) တိုးချဲ့မည့်နေရာသည် ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ပရဝဏ်အဆုံးမှ ပေ ၁၂၀ ကွာဝေးခြင်း ရှိ မရှိ၊

(ခ) မြို့၊ ရပ်ကွက်၊ ကျေးရွာအတွင်းရှိ လူနေအိမ်၊ အဆောက်အအုံများသည် အမြင့်ပေ ၃၀ ထက် ပိုမို မြင့်မားခြင်း ရှိ မရှိ၊

(ဂ) ရှေးဟောင်းအဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို လည်းကောင်း အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေခြင်း ရှိ မရှိ၊

(ဃ) မီးဘေး၊ ရေဘေးနှင့် လေဘေးစသော သဘာဝအန္တရာယ်လုံခြုံရေး အစီအမံများ ဆောင်ရွက် ထားခြင်း ရှိ မရှိ၊

(င) ရှေးဟောင်းအဆောက်အအုံ တည်ရှိမှုကို ပျက်ယွင်းစေနိုင်ခြင်း ရှိ မရှိ။

၂၃။ စစ်ဆေးရေးအဖွဲ့သည် စစ်ဆေးခြင်းလုပ်ငန်းတစ်ရပ်ကို ဆောင်ရွက်ပြီးပါက တွေ့ရှိချက် အစီရင်ခံစာ ကို ဦးစီးဌာနသို့ ခုနစ်ရက်အတွင်း တင်ပြရမည်။

## အခန်း (၄)
## ရှေးဟောင်းအဆောက်အအုံကို စစ်ဆေးခြင်း

၂၄။ ဦးစီးဌာနသည် ရှေးဟောင်းအဆောက်အအုံတစ်ခုခုနှင့် စပ်လျဉ်း၍ ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိ စိစစ်ရန်လိုအပ်ပါက နည်းဥပဒေ ၁၇ အရ ဖွဲ့စည်းသော စစ်ဆေးရေးအဖွဲ့ကို တာဝန်ပေး

စစ်ဆေးစေပြီး စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အပေါ် အခြေခံ၍ အဆုံးအဖြတ်ပေးရမည်။ ယင်းဆုံးဖြတ်ချက်မိတ္တူကို သက်ဆိုင်ရာ ပိုင်ရှင်၊ ထိန်းသိမ်းစောင့်ရှောက်သူ၊ တွေ့ရှိသူ သို့မဟုတ် တူးဖော်ရှာဖွေခွင့်ရရှိသူအား ပေးဆပ်ရမည်။

၂၅။ ပိုင်ရှင်၊ ထိန်းသိမ်းစောင့်ရှောက်သူ၊ တွေ့ရှိသူ သို့မဟုတ် တူးဖော်ရှာဖွေခွင့်ရရှိသူသည် ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိနှင့်စပ်လျဉ်း၍ နည်းဥပဒေ ၂၄ အရ ဦးစီးဌာန၏ ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ပညာရှင်အဖွဲ့သို့ တင်ပြ၍ အဆုံးအဖြတ်ခံယူနိုင်သည်။

၂၆။ ပညာရှင်အဖွဲ့ဥက္ကဋ္ဌသည် ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိ အငြင်းပွားမှုကို အဆုံးအဖြတ်ပေးရန် တင်ပြချက်ကို လက်ခံရရှိလျှင် အဆုံးအဖြတ်ပေးနိုင်ရေးအတွက် ပညာရှင်အဖွဲ့အစည်းအဝေးကို အမြန်ဆုံး ခေါ်ယူဆောင်ရွက်ရမည်။

၂၇။ ပညာရှင်အဖွဲ့သည် ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ ဦးစီးဌာန၏ ဆုံးဖြတ်ချက်နှင့် ပညာရှင်အဖွဲ့၏ ဆုံးဖြတ်ချက်တို့ ကွဲလွဲပါက အဆုံးအဖြတ်ခံယူရန် ဝန်ကြီးဌာနသို့ တင်ပြနိုင်သည်။

၂၈။ ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိ နှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၅)

## ကာလတန်ဖိုး၊ ထပ်ဆောင်းတန်ဖိုးတွက်ချက်ခြင်းနှင့် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသော ရှေးဟောင်းအဆောက်အအုံ သတ်မှတ်ခြင်း

၂၉။ ဝန်ကြီးဌာနသည် လာရောက်အပ်နှံသော ရှေးဟောင်းအဆောက်အအုံကိုဖြစ်စေ၊ အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံကိုဖြစ်စေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်အရ သိရှိရသော ရှေးဟောင်းအဆောက်အအုံကိုဖြစ်စေ၊ မြေပေါ်မြေအောက် ရေပေါ်ရေအောက်မှ တူးဖော်ခြင်း သို့မဟုတ် ရှာဖွေခြင်း ပြုလုပ်ရာမှရရှိသော ရှေးဟောင်းအဆောက်အအုံကိုဖြစ်စေ၊ တစ်နည်းနည်းဖြင့် သိရှိရသော ရှေးဟောင်းအဆောက်အအုံကိုဖြစ်စေ ကာလတန်ဖိုးနှင့် ထပ်ဆောင်းတန်ဖိုး သတ်မှတ်ခြင်း ပြုလုပ်နိုင်ရေးအတွက် ခန့်မှန်းတန်ဖိုး တွက်ချက်တင်ပြရန် ဦးစီးဌာနကို တာဝန်ပေးအပ်ရမည်။

၃၀။ ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ ထပ်ဆောင်းတန်ဖိုးသတ်မှတ်ရာတွင် အောက်ပါအချက်များကို အခြေခံ၍ စိစစ်ပြီး သတ်မှတ်ရမည် -

(က) ရှေးဟောင်းအဆောက်အအုံ၏ နောက်ခံသမိုင်းကြောင်းအခြေအနေ၊

(ခ) ရှေးဟောင်းအဆောက်အအုံ၏ ယဉ်ကျေးမှုသမိုင်းကြောင်း အခြေအနေ၊

(ဂ) ရှေးဟောင်းအဆောက်အအုံကို ပြုလုပ်ထားသည့် ပစ္စည်းအမျိုးအစား၊

(ဃ) အနုပညာလက်ရာမြောက်မှု အဆင့်အတန်း၊

(င) ရှေးဟောင်းအဆောက်အအုံ၏ သက်တမ်း၊

(စ) ကာလတန်ဖိုး။

၃၁။ ဦးစီးဌာနသည် ရှေးဟောင်းအဆောက်အအုံ၏ ကာလတန်ဖိုးနှင့် ထပ်ဆောင်းတန်ဖိုး တွက်ချက်တင်ပြရန် သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့ကို တာဝန်ပေးအပ်နိုင်သည်။

၃၂။ စစ်ဆေးရေးအဖွဲ့သည် ဦးစီးဌာန၏ တာဝန်ပေးချက်အရ ရှေးဟောင်းအဆောက်အအုံ၏ ကာလတန်ဖိုးနှင့် ထပ်ဆောင်းတန်ဖိုး တွက်ချက်တင်ပြရာတွင် အောက်ပါအတိုင်း ခန့်မှန်းတွက်ချက်ပြီး တွက်ချက်မှုပုံစံနှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည် -

(က) ရှေးဟောင်းအဆောက်အအုံတွင် တပ်ဆင်ထားသော ရွှေ ငွေ သို့မဟုတ် ကျောက်မျက်ရတနာတို့မှတစ်ပါး ရှေးဟောင်းအဆောက်အအုံ၏ ကာလတန်ဖိုးကို ခန့်မှန်းတွက်ချက်ရမည်။

(ခ) ရှေးဟောင်းအဆောက်အအုံတွင် တပ်ဆင်ထားသော ရွှေ ငွေ သို့မဟုတ် ကျောက်မျက်ရတနာများ၏ အရည်အသွေးနှင့် အလေးချိန်ကို စစ်ဆေး၍ ကာလတန်ဖိုး သတ်မှတ်နိုင်ရန် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းဌာနသို့ အကြောင်းကြားစစ်ဆေးရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းဌာန၏ စစ်ဆေးတွေ့ရှိချက်ကို အခြေခံ၍ ရှေးဟောင်းအဆောက်အအုံ၏ ကာလတန်ဖိုးကို ခန့်မှန်းတွက်ချက်ရမည်။

(ဃ) နည်းဥပဒေ ၃၀ ပါ အချက်များကို အခြေခံ၍ စိစစ်ပြီး ထပ်ဆောင်းတန်ဖိုးကို ခန့်မှန်းတွက်ချက်ရမည်။

၃၃။ ဦးစီးဌာနသည် နည်းဥပဒေ ၃၂ အရ စစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အပေါ် သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၃၄။ ဝန်ကြီးဌာနသည် ဦးစီးဌာနက တင်ပြသော ရှေးဟောင်းအဆောက်အအုံ၏ ကာလတန်ဖိုး တွက်ချက်မှုနှင့် ထပ်ဆောင်းတန်ဖိုး သတ်မှတ်မှုတို့ကို အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

၃၅။ အောက်ဖော်ပြပါ ရှေးဟောင်းအဆောက်အအုံများသည် ရှေးဟောင်းအမွေအနှစ်ဆိုင်ရာ တန်ဖိုးမြင့်မားသော ရှေးဟောင်းအဆောက်အအုံများဖြစ်သည် -

(က) စေတီ၊ ပုထိုး၊ ဂူဘုရား၊ ဘုန်းတော်ကြီးကျောင်း၊ အုတ်ကျောင်း၊ ဇရပ်၊ သိမ် အပါအဝင် သာသနိကဆိုင်ရာ အဆောက်အအုံများ၊

(ခ) ရှေးမြို့ဟောင်း၊ နန်းတော်၊ မြို့ရိုး၊ ကျုံး၊ မုခ်ဝ၊ မြို့ဝင်ပေါက်နှင့် ခံတပ်များ၊

(ဂ) ရွှေ ငွေ သို့မဟုတ် အဖိုးတန်ကျောက်မျက်များနှင့် လက်မှုအနုပညာပစ္စည်းများ တပ်ဆင်ထားသော ရှေးဟောင်းအဆောက်အအုံများ၊

(ဃ) ထူးခြားရှားပါးသည့် အနုပညာလက်ရာများ သို့မဟုတ် လက်မှုအနုပညာများ ပါဝင်သော ရှေးဟောင်းအဆောက်အအုံများ၊

(င) နှစ်ပေါင်းတစ်ရာနှင့်အထက် သက်တမ်းရှိသည့် ရှေးခေတ်လူတို့ အသုံးအဆောင်များ ပြုလုပ်သည့် နေရာများ၊ တိုင်များနှင့် ကျောက်ချပ်များ၊

(စ) ပရိုင်းမိတ်များနှင့် အခြားကျောက်ဖြစ်ရုပ်ကြွင်းများတွေ့ရှိရာ နေရာများ၊

(ဆ) ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သော အဆောက်အအုံများ။

## အခန်း (၆)
## ရှေးဟောင်းအဆောက်အအုံတွေ့ရှိကြောင်း သတင်းပို့ခြင်း

၃၆။ မည်သူမဆို ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ မိမိလက်ဝယ်ရှိ မြေပေါ်တွင်ဖြစ်စေ၊ အများပြည်သူဆိုင်ရာ နေရာတစ်ခုတွင်ဖြစ်စေ၊ ဝန်ကြီးဌာနတစ်ခုခုက စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေတွင်ဖြစ်စေ၊ အခြားမြေတွင်ဖြစ်စေ၊ အကြောင်းတစ်ခုခုကြောင့် မြေကို တူးဖော်ရာမှဖြစ်စေ၊ အခြားလုပ်ငန်းတစ်ခုခု ဆောင်ရွက်ရာမှဖြစ်စေ ရှေးဟောင်းအဆောက်အအုံဟု ယူဆရသော အဆောက်အအုံတစ်ခုခုကို တွေ့ရှိရပါက -

(က) ဆောင်ရွက်ဆဲကိစ္စရပ်ကို ခေတ္တရပ်ဆိုင်းပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးသို့ ချက်ချင်းသတင်းပို့ရမည်။

(ခ) တူးဖော်တွေ့ရှိသော ရှေးဟောင်းအဆောက်အအုံကို ဓာတ်ပုံမှတ်တမ်း ရိုက်ယူထားနိုင်သည်။

(ဂ) နေရာရွှေ့ပြောင်း ဖယ်ရှားခြင်းမပြုဘဲ မူလအတိုင်း ထားရှိရမည်။

(ဃ) ဦးစီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၃၇။ ဦးစီးဌာနသည် -

(က) သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အကြောင်းကြားချက်ကို လက်ခံရရှိလျှင် ရှေးဟောင်းအဆောက်အအုံ တွေ့ရှိသည့်နေရာသို့ ချက်ချင်းသွားရောက် ကြည့်ရှုရမည်။

(ခ) ရှေးဟောင်းအဆောက်အအုံ စစ်မှန်ခြင်း ရှိ မရှိ စိစစ်ရန် လိုအပ်ပါက စစ်ဆေးရေးအဖွဲ့ကို စစ်ဆေးရန် တာဝန်ပေးအပ်နိုင်သည်။

## အခန်း (၇)
## ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်း

၃၈။ ဦးစီးဌာနသည် ရှေးဟောင်းအဆောက်အအုံအနီး သတ်မှတ်ထားသော နယ်မြေအတွင်း တုန်ခါမှုဖြစ်ပေါ်စေသော ယန္တရားကြီးများ အသုံးပြုခြင်း၊ ယာဉ်အမျိုးမျိုးသွားလာခြင်း၊ မီးပုံးပျံကဲ့သို့ ဓာတ်ငွေ့ထုတ်လွှတ်သည့်ကိစ္စများ ဆောင်ရွက်ခြင်း၊ ဓာတုပစ္စည်းနှင့် အမှိုက်သရိုက်များ စွန့်ပစ်ခြင်းများအပါအဝင် နည်းဥပဒေ ၃၉၊ ၄၀၊ ၄၁ နှင့် ၄၂ တို့အရ လျှောက်ထားခြင်းများကို စိစစ်ပြီး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၃၉။ ရှေးဟောင်းအဆောက်အအုံနှင့်စပ်လျဉ်း၍ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဆောင်ရွက်လိုသော ဌာန၊ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၁) ဖြင့် လျှောက်ထားရမည် -

(က) ရှေးဟောင်းအဆောက်အအုံတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ပြင်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း သို့မဟုတ် ဝင်းခြံနယ်နိမိတ် ပြုပြင်ပြောင်းလဲခြင်း၊

(ခ) ရှေးဟောင်းအဆောက်အအုံကို အင်္ဂတေသရွတ်ကိုင်ခြင်း၊ မွမ်းမံခြင်း၊ ထုံးသုတ်ခြင်း၊ ဆေးသုတ်ခြင်း၊ ရွှေသင်္ကန်းကပ်ခြင်း၊ ထီးတင်ခြင်း၊ စိန်ဖူးတော် သို့မဟုတ် ငှက်မြတ်နားတော် စသည်တို့တင်လှူခြင်း၊

(ဂ) ရှေးဟောင်းအဆောက်အအုံအနီး၌ သိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ မုခ်ဦး၊ တံတိုင်း၊ ပြိုဟ်တိုင်၊ တံခွန်တိုင်၊ ရေကန်၊ ရုပ်တုများ၊ နတ်ရုပ်များ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် အခြားအဆောက်အအုံများ အသစ်တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း၊

(ဃ) ရှေးဟောင်းအဆောက်အအုံကို မူလလက်ရာအတိုင်း ပြန်လည်ဖြည့်စွက်တည်ဆောက်ခြင်း၊

(င) ရှေးဟောင်းအဆောက်အအုံ တည်ရှိရာနေရာများသို့ ကွင်းဆင်းလေ့လာရှာဖွေခြင်းနှင့် တူးဖော်သုတေသနပြုခြင်း။

၄၀။ ရှေးဟောင်းအဆောက်အအုံကို ဂေါပက သို့မဟုတ် အဖွဲ့အစည်းများ ဖွဲ့စည်း၍ ကာကွယ်ထိန်းသိမ်းခြင်း ပြုလုပ်လိုသူ သို့မဟုတ် အန္တရာယ်ကျရောက်ခံရနိုင်သော ရှေးဟောင်းအဆောက်အအုံကို ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းခွင့်လက်မှတ်ရရှိလိုသူသည် ဦးစီးဌာနသို့ ပုံစံ (၃) ဖြင့် လျှောက်ထားရမည်။

၄၁။ ရှေးဟောင်းအဆောက်အအုံ၏ သတ်မှတ်ထားသော ဇရိယာအတွင်း၌ အောက်ပါပြုလုပ်မှုတစ်ခုခုကို ဆောင်ရွက်လိုသူသည် ကြိုတင်ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနသို့ ပုံစံ (၅) ဖြင့် လျှောက်ထားရမည် -

(က) မြို့၊ ရပ်ကွက်၊ ကျေးရွာများကို တိုးချဲ့ခြင်း၊

(ခ) ဟိုတယ်များ၊ စက်ရုံအလုပ်ရုံများ၊ လူနေအဆောက်အအုံများအပါအဝင် အဆောက်အအုံအသစ်များ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ် ဝင်းခြံကာရံခြင်း သို့မဟုတ် ချဲ့ထွင်ခြင်း၊

(ဂ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း၊ ရေနံ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းခြင်း၊ စက်ရုံ အလုပ်ရုံများ တည်ဆောက်ခြင်း၊ မဟာဓာတ်အားလိုင်းများ သွယ်တန်းခြင်း၊ ဆက်သွယ်ရေးတာဝါတိုင်များ ဆောက်လုပ်ခြင်း၊ လမ်းဖောက်လုပ်ခြင်း၊ တံတားတည်ဆောက်ခြင်း၊ လေယာဉ်ကွင်းတည်ဆောက်ခြင်း၊ ဆည်မြောင်း၊ တာတမံ စသော အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(ဃ) မြေအောက်တွင် လျှပ်စစ်သွယ်တန်းခြင်း၊ ဆက်သွယ်ရေးဆိုင်ရာ သွယ်တန်းခြင်းနှင့် အခြား မြေအောက်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ရေတွင်း၊ ရေကန်၊ တူးမြောင်း၊ မွေးမြူရေးကန်များ တူးဖော်ခြင်း သို့မဟုတ် တိုးချဲ့ခြင်း၊

(စ) မြေမျက်နှာသွင်ပြင် ပျက်စီးစေသည့် ရွှေကျင်ခြင်း၊ မြေတူးဖော်ခြင်း၊ အုတ်ဖုတ်ခြင်း၊ ရေတွင်း၊ ရေကန်၊ ချောင်း၊ မြောင်း၊ လျှို၊ ချိုင့်များတူးခြင်း၊ ဖို့ခြင်း၊ မြေညှိခြင်း၊ မိုင်းခွဲခြင်း၊ ကျောက်တူးခြင်း၊ ကျောက်စရစ်၊ သဲထုတ်ယူခြင်း၊ ကုန်းများ၊ တောင်များဖြိုဖျက်ခြင်း၊

(ဆ) ပုဂ္ဂလိက ပိုင်ဆိုင်သည့် အဝန်းအဝိုင်း၊ ဧရိယာအတွင်းတွင် ရှေးဟောင်းအဆောက်အအုံများကို ထည့်သွင်းခြင်း၊ ခြံစည်းရိုးခတ်ခြင်း။

၄၂။ ဝန်ကြီးဌာနက ကာကွယ်ထိန်းသိမ်းထားသော ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ရှေးဟောင်း စာရင်းဝင်အဆောက်အအုံမှ သတ်မှတ်ထားသော ဧရိယာအတွင်းတွင် စီးပွားရေးအလို့ငှာ ဓာတ်ပုံ၊ ဗီဒီယို၊ ရုပ်ရှင်ရိုက်ကူးခြင်း၊ ပုံတူပွားခြင်း သို့မဟုတ် ပုံစံငယ် ပြုလုပ်ခြင်းကို ဆောင်ရွက်လိုသူသည် ကြိုတင်ခွင့်ပြုချက် ရရှိရန် ဦးစီးဌာနသို့ လျှောက်ထားရမည်။

၄၃။ ဦးစီးဌာနသည် နည်းဥပဒေ ၃၉၊ ၄၀၊ ၄၁ နှင့် ၄၂ တို့အရ လျှောက်ထားချက်ကို လက်ခံရရှိလျှင်-

(က) လျှောက်လွှာတွင် အချက်အလက်များပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ဖော်ပြခြင်း ရှိ မရှိကိုလည်းကောင်း၊ ပူးတွဲပါရှိရမည့် အထောက်အထားများ ပြည့်စုံစွာပါရှိခြင်း ရှိ မရှိကိုလည်းကောင်း စိစစ်ရမည်။

(ခ) လျှောက်လွှာပါအချက်များနှင့် ပူးတွဲပါရှိရမည့် အထောက်အထားများ မှန်ကန်ပြည့်စုံကြောင်း တွေ့ရှိပါက ဦးစီးဌာန၏ သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ဂ) လျှောက်လွှာပါအချက်များနှင့် ပူးတွဲပါရှိရမည့် အထောက်အထားများ ပြည့်စုံစွာပါရှိခြင်း မရှိပါက လိုအပ်သော အချက်များကို ပြင်ဆင်ဖြည့်စွက်၍ ထပ်မံလျှောက်ထားနိုင်ရန် သက်ဆိုင်ရာ လျှောက်ထားသူထံ အကြောင်းကြား၍ လျှောက်လွှာကို ပြန်လည်ပေးအပ်ရမည်။

(ဃ) နည်းဥပဒေခွဲ (ဂ) အရ ပြန်လည်ပေးအပ်သော လျှောက်လွှာကို လျှောက်ထားသူက လိုအပ်သလို ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ ဆောင်ရွက်ပြီး ထပ်မံလျှောက်ထားလျှင် ယင်းလျှောက်ထားချက်ကို လက်ခံ၍ စိစစ်ရမည်။ လျှောက်လွှာပါ အချက်များနှင့် ပူးတွဲပါရှိရမည့်အချက်များ ပြည့်စုံ မှန်ကန်လျှင် နည်းဥပဒေခွဲ (ခ) ပါအတိုင်း ဆောင်ရွက်ရမည်။

(င) ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းချက်များကိုလိုက်နာရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

၄၄။ ဦးစီးဌာနသည် နည်းဥပဒေ ၃၉၊ ၄၀ နှင့် ၄၁ တို့အရ ကြိုတင်ခွင့်ပြုချက် လျှောက်ထားခြင်းကို စိစစ်ပြီး -

(က) နည်းဥပဒေ ၃၉ အရ လျှောက်ထားခြင်းကို ခွင့်ပြုလျှင် ကြိုတင်ခွင့်ပြုချက်ကို ပုံစံ (၂) ဖြင့် ထုတ်ပေးရမည်။

(ခ) နည်းဥပဒေ ၄၀ အရ လျှောက်ထားခြင်းကို ခွင့်ပြုလျှင် ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းခွင့်လက်မှတ်ကို ပုံစံ (၄) ဖြင့် ထုတ်ပေးရမည်။

(ဂ) နည်းဥပဒေ ၄၁ အရ လျှောက်ထားခြင်းကို ခွင့်ပြုလျှင် ကြိုတင်ခွင့်ပြုချက်ကို ပုံစံ (၆) ဖြင့် ထုတ်ပေးရမည်။

## အခန်း (၈)

## ကြိုတင်ခွင့်ပြုချက်ရရှိသူ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းခွင့်လက်မှတ်ရရှိသူ၏ တာဝန်များ

၄၅။ ကြိုတင်ခွင့်ပြုချက်ရရှိသူ သို့မဟုတ် ရှေးဟောင်းအဆောက်အအုံ ထိန်းသိမ်းခွင့်လက်မှတ် ရရှိသူသည်-

(က) ရှေးဟောင်းအဆောက်အအုံကို အဓွန့်ရှည်တည်တံ့စေရန် အလေးထားဆောင်ရွက်ရမည်။

(ခ) ကြိုတင်ခွင့်ပြုချက်တွင် ခွင့်ပြုသောနေရာနှင့် လုပ်ငန်းကိုသာ ဆောင်ရွက်ခွင့်ရှိသည်။

(ဂ) ကြိုတင်ခွင့်ပြုချက်အရ လုပ်ငန်းဆောင်ရွက်ရာတွင် တစ်နည်းနည်းဖြင့် ရှေးဟောင်းအဆောက်အအုံ သို့မဟုတ် ရှေးဟောင်းဝတ္ထုပစ္စည်းတစ်ခုခုကို တွေ့ရှိလျှင် ဦးစီးဌာနသို့ ချက်ချင်းသတင်းပို့ရမည်။

(ဃ) ကြိုတင်ခွင့်ပြုချက်ပါလုပ်ငန်းကို ဆောင်ရွက်ရာတွင် လုပ်ငန်းလိုအပ်ချက်မှအပ မြေကို တူးဆွခြင်း၊ တူးဖော်ခြင်းမပြုရ။

(င) ကြိုတင်ခွင့်ပြုချက်ပေးခြင်းသည် လုပ်ငန်းဆောင်ရွက်ရာ၌ အခြားသူတစ်ဦး၏ အခွင့်အရေးကို ထိခိုက်နစ်နာစေခြင်းကြောင့် နစ်နာကြေး ပေးလျော်ရခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(စ) ကြိုတင်ခွင့်ပြုချက်ပါလုပ်ငန်းကို ဆောင်ရွက်ခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းကြောင့်သော်လည်းကောင်း ရှေးဟောင်းအဆောက်အအုံကို ထိခိုက်ပျက်စီးစေခြင်းဖြစ်ပေါ်ပါက ဝန်ကြီးဌာနက သတ်မှတ်သည့် ပြုပြင်ထိန်းသိမ်းစရိတ်ကို ပေးလျော်ရမည်။

(ဆ) ဦးစီးဌာန၏ တာဝန်ပေးချက်အရ စစ်ဆေးရေးအဖွဲ့ လာရောက်စစ်ဆေးခြင်းကို ခွင့်ပြုရမည်။

(ဇ) ကြိုတင်ခွင့်ပြုချက်ပါ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက လုပ်ငန်းပြီးဆုံးကြောင်း အစီရင်ခံစာကို ရက်ပေါင်း ၃၀ အတွင်း ဦးစီးဌာနသို့ တင်ပြရမည်။

(ဈ) ဦးစီးဌာန၏ ကြိုတင်ခွင့်ပြုချက်ပါ စည်းကမ်းများကို လိုက်နာရမည်။

## အခန်း (၉)

## ရှေးဟောင်းအဆောက်အအုံတည်ရှိသောမြေကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း

၄၆။ ဝန်ကြီးဌာနသည် နိုင်ငံတော်၏မြေအောက်တစ်နေရာရာတွင် ရှေးဟောင်းအဆောက်အအုံ တည်ရှိကြောင်း တစ်နည်းနည်းဖြင့်သိရှိလျှင် သွားရောက်ကြည့်ရှုစစ်ဆေးရန် ဦးစီးဌာနကို တာဝန်ပေးနိုင်သည်။

၄၇။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ တာဝန်ပေးချက်အရ သတင်းရရှိသည့်နေရာသို့ ဆောလျင်စွာ သွားရောက်ပြီး မြေပြင်အခြေအနေ စစ်ဆေးခြင်းနှင့် သမိုင်းယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများ ရှာဖွေခြင်းတို့ကို ပြုလုပ်ပြီး ရှေးဟောင်းအဆောက်အအုံတည်ရှိခြင်း ရှိ မရှိအပေါ် သဘောထားမှတ်ချက်ဖြင့် ဝန်ကြီးဌာနသို့ တင်ပြရမည်။

၄၈။ ဝန်ကြီးဌာနသည် ဦးစီးဌာန၏ တင်ပြချက်အရ ရှေးဟောင်းအဆောက်အအုံ တည်ရှိသည်ဟု ပေါ်ပေါက်သော မြေ သို့မဟုတ် ထိုမြေ၏ တစ်စိတ်တစ်ဒေသကို တည်ဆဲဥပဒေနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၁၀)
## အထွေထွေ

၄၉။ ဦးစီးဌာနသည် ဥပဒေပုဒ်မ ၂၅ အရ သက်ဆိုင်ရာ တရားရုံးက ချမှတ်သည့်အမိန့်ကို အကောင်အထည်ဖော်ဆောင်ရွက်ပြီးပါက ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြရမည်။

၅၀။ ရှေးဟောင်းအဆောက်အအုံတည်ရှိရာနေရာများသို့ ကွင်းဆင်းလေ့လာရှာဖွေခြင်းနှင့် တူးဖော်သုတေသနပြုခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ရသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် လုပ်ငန်းဆောင်ရွက်ပြီးသည့်အခါတိုင်း ဦးစီးဌာနနှင့် ညှိနှိုင်းလျက် အောက်ဖော်ပြပါတို့ကို မဖြစ်မနေ ဆောင်ရွက်ရမည် -

(က) စာတမ်းရေးသားဖတ်ကြားခြင်း၊

(ခ) ပုံနှိပ်ထုတ်ဝေခြင်း၊

(ဂ) အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၅၁။ သက်ဆိုင်ရာဝန်ကြီးဌာနများသည် ရှေးဟောင်းအဆောက်အအုံများအတွင်းတွင် နိုင်ငံတော်အကျိုးစီးပွား အလို့ငှာ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တုတူးဖော်ရန် အကြောင်းပေါ်ပေါက်လျှင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

သူရအောင်ကို၊<br>
ပြည်ထောင်စုဝန်ကြီး၊<br>
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊<br>
သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၁၅/၂၀၁၆)

၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၁ ရက်
( ၂၀၁၆ ခုနှစ်၊ ဇွန်လ ၆ ရက် )

## ကုန်သွယ်လုပ်ငန်းခွန်မကျသင့်သည့် ကုန်စည်များနှင့်ပတ်သက်သည့် အဓိပ္ပာယ်သတ်မှတ်ချက်များ ထုတ်ပြန်ခြင်း

၁။ ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) အရ ကုန်သွယ်လုပ်ငန်းခွန် မကျသင့်သော ကုန်စည် (၈၆) မျိုးကို သတ်မှတ်ပေးခဲ့ပါသည်။

၂။ အဆိုပါ ကုန်စည်များနှင့်ပတ်သက်၍ အချို့သောကုန်စည်များသည် အဓိပ္ပာယ်အမျိုးမျိုးယူဆနိုင်သဖြင့် ကုန်စည် (၂၇) မျိုးကို အခွန်စည်းကြပ်ကောက်ခံမှုများဆောင်ရွက်ရာတွင် ရှင်းလင်းလွယ်ကူစေရန်အတွက် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | အမှတ်စဉ် | ကုန်စည်အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
|---|---|---|---|
| ၁ | ၂၂ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ။ | (၁) တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃၁ ရက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၃၆/ ၂၀၁၀) အရ သက်ရှိတိရစ္ဆာန်ဆိုသည်မှာ နို့တိုက်သတ္တဝါ၊ ငှက် သို့မဟုတ် ပျားကိုဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန်တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ သို့မဟုတ် သန္ဓေသားလောင်းနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ တိရစ္ဆာန်အဖြစ် သတ်မှတ်သော သတ္တဝါတို့လည်းပါဝင်သည်။<br>(၂) ငါးဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစိတ်များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်းပါဝင်သည်။ (ငါး၊ ပုစွန်၊ ကဏန်း၊ ခရု၊ ကမာ၊ ဂုံး၊ ပင်လယ်ရေမှော်) |
| ၂ | ၂၈ | ဆပ်ပြာမှုန့်ပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ | ဆပ်ပြာမှုန့်၊ ဆပ်ပြာပြုလုပ်မည့် လုပ်ငန်းက ၎င်းကိုယ်တိုင် တင်သွင်းသည့် ကုန်ကြမ်းများကို နောက်ဆက်တွဲ (က) ဖြင့် ဖော်ပြထားပါသည်။ ဆပ်ပြာကြမ်းဆိုရာတွင် အဝတ်လျှော်ဆပ်ပြာ၊ ပန်းကန်ဆေးဆပ်ပြာတို့ကို ဆိုလိုသည်။ (ဆပ်ပြာအရည်နှင့် ဆပ်ပြာအဆီတို့ မပါဝင်ပါ) |
| ၃ | ၂၉ | အရောင်ချွတ်ဖတ်။ | အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochloride များသာ အကျုံးဝင်မည်ဖြစ်ပါသည်။ |
| ၄ | ၃၀ | အုန်းဆံခြည်ခင်၊ အုန်းမှုတ်ခွံမီးသွေး။ | အုန်းဆံခြည်ခင်၊ အုန်းမှုတ်ခွံမီးသွေးဆိုရာတွင် အုန်းမှုတ်ခွံမှ ရရှိသည့် မီးသွေးတစ်မျိုးတည်းကိုသာ ဆိုလိုသည်။ |
| ၅ | ၃၆ | ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီ နှင့် ဆီအခဲများ။ | ဆီအခဲများဟုဆိုရာတွင် ပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ စားဖွဲနုဆီ၊ ပဲပုပ်ဆီတို့နှင့် ၎င်းတို့၏ ဆီအခဲများကို ဆိုလိုသည်။ |

| စဉ် | အမှတ်စဉ် | ကုန်စည်အမျိုးအစား | ရှင်းလင်းဖော်ပြချက် |
